
သန်းမြင့်အောင်
မိချမ်းဝေ
အရောင်လေးတွေက
လှုပ်လီလှုပ်လဲ့

# အရောင်များကို လုယက်ခြင်း(က)

မန်းချောင်းလရောင်အောက်မှာ ညင်သာသော ရေစီးသံက ဂီတသံကဲ့သို့ ငြိမ့်ညောင်းလျှက် ရှိပါသည် ။ ဝါးတံတားကလေးပေါ် ခြေတွဲလောင်းချထိုင်နေရင်း ညို့နှုတ်ခမ်းမှ အသံတိုးတိုးကလေး ညည်းလိုက်မိသည် ။

“လွမ်းတယ်ကိုကိုရယ်”

မန်းချောင်း၏ တစ်ဘက်တစ်ချက်ရှိ တည်းခိုဆောင်များကို ကူးဆက်ပေးထားသော ဝါးတံတားကလေးပေါ်မှာ ညိုတစ်ယောက်သာ တိတ်ဆိတ်စွာ ရှိနေသည် ။ လပြည့်ညမို့ ထိန်ထိန်သာ နေသော လမင်းကြီးကို မက်မောဆွေးမြေ့စွာ ငေးကြည့်ရင်း ကိုကို့အသံကို ကြားယောင်လာသည် ။

“ကိုကို ဘယ်နေရာရောက်ရောက်၊ ညို ဘယ်နေရာရောက်ရောက် လပြည့်ညတွေမှာ လမင်းကြီးကို ငေးကြည့်ရင်း ကိုကိုတို့ နှုတ်ဆက်ကြမယ်နော်၊ သီချင်းထဲကလို ညိုနဲ့ ကိုကို လမင်းမှာ ဆုံကြရအောင်”

အခု ကိုကို လမင်းကို မော့ကြည့်နေသလားဟင်၊ ညိုလေ လမင်းကြီးကို ငေးမောပြီး ကိုကိုကို့ လွမ်းနေတယ်၊ ကိုကိုလဲ ညို့လိုပဲ နေမှာ ပေါ့နော်၊ လွမ်းလိုက်တာ ကိုကိုရယ်။

ညိုတို့ အခု ရွှေစက်တော်ရောက်နေတယ် ကိုကို၊ အေးမွန်လဲ ပါတ

ယ်၊ အနာကြီးရောဂါ ကင်းဝေးရေး စီမံကိန်းအဖွဲ့နဲ့ လာကြတာ။ မတ်လရဲ့ အညာနွေက သိပ်ပူတာပဲ ကိုကို၊ ညိုတို့ ဒီည ရွှေစက်တော်ဘုရားဝင်ဖူးရင်း တစ်ညတာ နားခိုနေကြတာပါ၊ တစ်နေ့လုံး မောပန်းနေကြတဲ့ အဖွဲ့သားတွေကတော့ ပင်ပန်းပြီး အိပ်နေကြပြီ။ ညို့မှာ တော့ ဒီအချိန်ကျမှ ကိုကို့အကြောင်းစဉ်းစားရတာ၊ ဒီလောက် လှပပြီး လွမ်းစရာကောင်းတဲ့ ညကလေးမှာ ကိုကို့အကြောင်းတွေးပြီး လကလေးကို ငေးကြည့်ရတဲ့ အချိန်တွေ ကုန်ဆုံးသွားမှာ စိုးလို့ ပါ ကိုကိုရယ်။

"အို"

ရုတ်တရက် ညိုထိုင်နေသည့် ဝါးတံတားကလေး ညွှတ်ခနဲဖြစ်သွား၍ အလန့်တကြား လှည့်ကြည့်လိုက်တော့ ညိုတို့ တည်းခိုဆောင်ကလေးကနေ တံတားပေါ် တက်လာသည့် အေးမွန်ကို တွေ့လိုက်ရသည် ။

"ညို အခုချိန်ထိ မအိပ်သေးဘူးလား၊ ငါတစ်ရေးနိုးလို့ နင့်ကို မတွေ့တာနဲ့ ထွက်ကြည့်တော့ တံတားပေါ် လှမ်းမြင်တာနဲ့ ထွက်လာခဲ့တာ"

အေးမွန်က ပြောပြောဆိုဆိုနှင့် လျှောက်လာရင်း ညို့အနား ဝင်ထိုင်လိုက်သည် ။

"ရွှေစက်တော်က သာယာလိုက်တာနော်၊ ညနေတုန်းကလဲ မန်းချောင်းထဲမှာ ရေတွေချိုးလို့ ပျော်စရာကြီး၊ ညဉ့်ဦးပိုင်းကျတော့လည်း စက်တော်ရာတွေမှာ ကြည်ညိုရတာ ကြည်နူးစရာကောင်း လိုက်တာ၊ အခု ညဉ့်ပိုင်းကျတော့ မန်းချောင်းတံတားပေါ်မှာ လေကလေးက တဖြူးဖြူးနဲ့ မန်းချောင်းရေစီးသံကလေးကလည်း ချစ်စရာကောင်းလိုက်တာ"

အေးမွန်က ညို့နည်းတူ တံတားအောက်သို့ ခြေတွဲလောင်းချ၍ ထိုင်လိုက်သောအခါ မန်းချောင်းရေအေးအေးက သူတို့ ၏ ခြေမျက်စေ့အထိ နစ်မြုပ်၍ အေးမြစွာ စီးဆင်းသွားသည် ။ ညိုက ကောင်းကင်ကို

မော့ကြည့်ရင်း ...

“လမင်းကြီးကလဲ သာနေတယ်လေ အေးမွန်”

ထိုအခါတော့ အေးမွန်က ညို့မျက်နှာကို ငေးကြည့်ရင်း

“ဩ ...”ဟု တစ်ချက်သာ အာမေဋိတ်ပြုရင်း အတန်ကြာမှ ...

“ဒါဆို နင်က ကိုကို့အကြောင်း စဉ်းစားနေတာပေါ့”

“စဉ်းစားတာ မဟုတ်ဘူး ၊ လွမ်းနေတာ၊ သတိရနေတာ”

“အေး ... အေး ... လွမ်း ... လွမ်း၊ ဒီအချိန်ကလေး လွမ်းရတာ၊ အား ရအောင်လွမ်း၊ ဒါပေမယ့် အေးလှပြီ၊ အိပ်ရာထဲကျမှ ဆက်လွမ်းလို့ လဲ ရတာပဲ၊ ဒို့တစ်တွေ မနက်အစောကြီးထပြီး အထက်စက်တော်ရာ တက် ဖူးရမယ်။ နေမပူခင် ပြန်ဆင်းပြီး ခရီးဆက်ကြရဦးမှာ ၊ ကဲ... သွားကြစို့ ”

အေးမွန်၏ ဆော်ဩမှုကြောင့် ညို့စိတ်တွေက လုပ်ငန်းခွင်ထဲ ပြန် ရောက်သွားကာ မန်းချောင်းရေစီးထဲမှ ခြေဖျားများကို ရုတ်သိမ်းရင်း လ မင်းကြီးကို တစ်ချက်မော့ကြည့်ကာ ရင်ထဲမှ တိုးတိတ်စွာ “ညို အိပ် တော့မယ် ကိုကို”ဟု နှုတ်ဆက်ရင်း ဖြည်းညင်းစွာ ထွက်ခွာခဲ့သည် ။

***

“ဟောဒါက ဆရာမ ဒေါ်ချစ်ညိုညို၊ ဒါကတော့ ဒေါ်အေးအေးမွန်၊ ကျွန်တော်တို့ အဖွဲ့က ဗော်လံတီယာဆိုရှယ်ဝါးကား (Volunteer Social Worker)တွေပါ၊ ဒီရွာတွေအတွက် တာဝန်ယူ ဆောင်ရွက်ဖို့ ကျွန်တော် တို့ အဖွဲ့နဲ့ ပါလာတာပါ”

ကျောင်းရုံးခန်းကလေးထဲမှာ ကျန်းမာရေးဌာနမှာ တာဝန်ရှိ အကြီး

အကဲက ကျေးရွာလူကြီးများ နှင့် မိတ်ဆက်ပေးချိန်မှာ ကျေးရွာမူလတန်းကျောင်းကလေးထဲမှ လူထုပရိသတ်က ပြည့်လျှံနေပြီဖြစ်သည် ။ ထိုအချိန်တွင် တော့ ညို့ရင်ထဲမှာ "မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေး" အစီအစဉ်တွေသာ တစ်ခုပြီးတစ်ခု ပေါ်လို့ နေသည် ။ ဒီရွာမှာ တာဝန်ရှိကျန်းမာရေးဝန်ထမ်းများ နှင့် အတူ ညို့ကိုပါ စည်းရုံးဟောပြောရန် တာဝန်ပေးထားသည် မို့ ညို၏ စိတ်ကို အလုပ်ထဲနစ်မြှုပ်ထားရသည် ။ နောက်တစ်နေရာတွင် တော့ အေးမွန်၏ အလှည့်ဖြစ်သည် ။

မြန်မာနိုင်ငံအနာကြီးတိုက်ဖျက်ရေးခေါင်းဆောင်မှာ ကျန်းမာရေးဌာနမှ ညွှန်မှူးဒေါက်တာ ဦးကျော်ညွှန့်စိန်ဖြစ်ပြီး တိုင်းနှင့် ပြည်နယ်မှ ကျန်းမာရေးဝန်ထမ်းများ ၊ စာရေးဆရာ ဆရာမများ ၊ လူမှုရေးစိတ်ပါဝင်စားသူများ ၊ ယခင် အနာကြီးရောဂါရှာဖွေတိုက်ဖျက်ရေး ခေါင်းဆောင် ဆရာဝန်ကြီးများ နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံတစ်ဝှမ်း လှည့်လည်တာဝန်ထမ်းဆောင်နေကြခြင်း ဖြစ်သည် ။ မကြာမီ အခမ်းအနားစတော့ တာဝန်ရှိသူများ စကားအနည်းငယ်ပြောပြီး ညို့အလှည့်ကျသည် ။

"ကျွန်မနာမည်ချစ်ချစ်ညိုပါ၊ ကျွန်မ ဆရာဝန်လဲမဟုတ်ပါဘူး၊ ကျန်းမာရေးဌာနက ဝန်ထမ်း လဲမဟုတ်ပါဘူး၊ ပြည်သူထဲက ပြည်သူတစ်ယောက်ပါ၊ ကျွန်မတို့ မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ ကာလ များ စွာတုန်းက ကျောက်ရောဂါဆိုတာ ရှိခဲ့ဖူးတာအားလုံးအသိပါ၊ အခုဆိုရင် လုံးဝမရှိတော့ပါဘူး၊ ဒါပေမယ့် အနာကြီးရောဂါဆိုတဲ့ အရေပြားရောဂါ တစ်မျိုးကတော့ အခုအချိန်ထိ ရှိနေဆဲပါ၊ အဲဒီရောဂါ အမြန်ဆုံးလျော့နည်းသွားအောင် ကင်းဝေးသွားအောင် ကျန်းမာရေးဌာနနဲ့ တာဝန်သိတဲ့ လုပ်သားပြည်သူတွေပါ ပူးပေါင်းကာကွယ်ပေးရင် ပိုပြီး မြန်ဆန်ထိရောက်မယ်လို့ ယူဆတဲ့ အတွက် ကျွန်မ ဒီတာဝန်ကို ပြည်သူတွေ

ကိုယ်စား ပါဝင်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်”

“အရင်တုန်းက အနာကြီးရောဂါကို ပျောက်ကင်းအောင်ကုသနိုင်တဲ့ ဆေးဝါးတွေ မရှိခဲ့ပါဘူး ပက်(ပ)ဆုံးဆိုတဲ့ ဆေးတစ်မျိုးတော့ ပေါ်ပေါက်ပြီး လျော့နည်းသင့်သလောက် ရောဂါလျော့နည်း ခဲ့ဖူးပါတယ်၊ ဒါပေမယ့် နောက်ပိုင်းကျတော့ ဆေးနဲ့ ရောဂါ ယဉ်ပါးပြီး တိုးမပေါက်တော့ပါဘူး၊ ဒါကြောင့် နောက်ပိုင်းမှာ ရောဂါကူးစက်မှုကြောင့် ရောဂါသည် အင်အား ပိုများ လာတာ တွေ့ရပါတယ်။ အခုအချိန်မှာ အနာကြီးရောဂါကို လုံးဝပျောက်ကင်းစေတဲ့ ခေတ်မီဆေးတစ်မျိုး ပေါ်လာပါပြီ၊ အဲဒီဆေးကို M.D.T ဆေးပေါင်းလို့ ခေါ်ပါတယ်၊ အဲဒီဆေးက ရောဂါအနုအရင့်ကိုကြည့်ပြီး ရောဂါနုရင်(၆) လ၊ ရောဂါရင့်ရင် တစ်နှစ်လောက် သောက်ရပါမယ်။ လစဉ် ပထမဦးဆုံး တစ်ကြိမ်မှာ ဆေးကဒ်ထဲက သတ်မှတ်ထားတဲ့ ဆေးတောင့်ငါးတောင့်နဲ့ ဆေးပြားလေးတစ်ပြားကို တစ်ပြိုင်တည်း သောက်ရမှာ ဖြစ်ပြီး အဲဒီဆေးကြောင့် ကိုယ့်ခန္ဓာကိုယ်ထဲက ရောဂါတွေဟာ ကိုယ့်မိသားစုကို မကူးစက်နိုင်တော့ပါဘူး၊ နောက်ပိုင်းမှာ တစ်နေ့တစ်လုံးသာ မှန်မှန်သောက်သွားဖို့ ပါပဲ၊ အနာကြီးရောဂါ လုံးဝ ပျောက်ကင်းသွားနိုင်ပါတယ်၊ ဆေးတန်ဖိုးကလဲ အင်မတန် မြင့်မားပါတယ်၊ ခြောက်လစာ ဆေးက ဒေါ်လာ ၃၀၀ တန်ဖိုးရှိပါတယ်၊ ဒီဆေးတွေကို ရောဂါသည်တွေက ဘယ်လို ဝယ်စားနိုင်မှာ လဲလို့ အပြစ်တင်မစောစေချင်ပါဘူးရှင်၊ အဲဒီဆေးတွေကို ဂျပန်နိုင်ငံ ဆာဆာကာဝါဖောင်ဒေးရှင်းက ကျွန်မတို့ကို အခမဲ့ကူညီနေပါတယ်၊ ကျွန်မတို့ ဘက်က ရောဂါဝေဒနာသည် တွေ ရှာဖွေပြီး ဒီအခွင့်အရေးကို လက်လွတ်ဆုံးရှုံးမခံဘဲ ကုသကြဖို့ ပဲ လိုပါတယ်”

ညို စကားခေတ္တရပ်နားပြီး ပရိသတ်ဖက် ဝေ့ကြည့်လိုက်ချိန်မှာ

တော့ ကျေးရွာပရိတ်သတ်က စိတ်ဝင်စားစွာ နားထောင်နေကြပြီး တစ်ချို့နေရာ ပျောက်ကြားပျောက်ကြားမှာ တော့ တစ်ယောက် နှင့် တစ်ယောက် အံ့ဩဝမ်းသာမှုကို ဖော်ပြသော မျက်နှာရိပ် မျက်နှာကဲများကို မြင်ရသည် ။

"ဒါပေမယ့် ခက်တာက ဆေးတွေကတော့ အလကားရနေပါပြီ၊ ကျွန်မတို့ ဘက်က ဝေဒနာသည် တွေက ပုန်းကွယ်နေကြတဲ့ အဖြစ်ပါပဲ၊ ဟိုးအရင်တုန်းကတော့ အချို့လူတွေဟာ သိပ်ရိုးသားပြီး အကြောက်တရားတွေများ ၊ ဗဟု သုတနည်းကြတော့ ကိုယ်ရေပြားရောဂါသည် တွေကို အလွန်ရွံစရာ ကြောက်စရာကောင်းတဲ့ ကုဋ္ဌနူနာသည် ကြီးတွေဆိုပြီး ရွာပြင်ထုတ်ထားကြတာမျိုးတွေ ရှိပါတယ်၊ အဲဒါဟာ လူအချင်းချင်း အတော်ညှာတာမှုကင်းတဲ့ ချိုးနှိမ်မှုတစ်ခုပါ၊ အခုတော့ အဲဒီလောက်ဆိုးဝါးတဲ့ ရုပ်ပျက်ဆင်းပျက် ဝေဒနာသည် တွေလဲ M.D.T သောက်လိုက်ရင် လုံးဝ ပျောက်ကင်းသွားမယ့်အကြောင်း ရဲရဲကြီး တာဝန်ယူပါတယ်၊ အဲ ... လက်ချောင်း ခြေချောင်းလေးတွေ တိုနေတာ၊ နှာခေါင်းရိုးတွေ ကျိုးနေတာကတော့ နဂိုအတိုင်း ပြန်မကောင်းနိုင်တော့ဘူးပေ့ါ၊ ဒါပေမယ့် ရောဂါပိုးအားလုံး သေသွားမှာ ဖြစ်တဲ့ အတွက် ကိုယ့်ကိုယ်ပေါ်မှာ လဲ သည့် ထက် ထပ်ပြီးရုပ်ပျက်ဆင်းပျက် မဖြစ်နိုင်တော့သလို သူများကိုလဲ မကူးစက်နိုင်တော့ဘူး၊ ဝေဒနာလဲ လုံးဝပျောက်ကင်းသွားမှာ ပါ၊ အဲဒီဆေးသောက်ရတဲ့ အခွင့်အရေးကို အဆုံးအရှုံးခံလိုက်မယ် ဆိုရင်တော့ ကိုယ့်ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေလဲ သည့်ထက်ပိုပြီး ပျက်စီးဆုံးရှုံးသွားမယ့်အပြင် ကိုယ့်ဆီကရောဂါပိုးတွေကလဲ လူပေါင်းများ စွာကို တစ်ဆင့်ပြီး တစ်ဆင့် ကူးစက်ပြီး ဒုက္ခပေးသွားနိုင်ပါတယ်။

***

"သည့် ထက် ပိုအရေးကြီးတာက အနာကြီးရောဂါ ဖြစ်စလူတွေ ဆေးမြန်မြန်သောက်ကြဖို့ လိုပါတယ်၊ ပုန်းကွယ်နေကြတဲ့ လူတန်းစား အများ စုဟာ အဲဒီလူတွေပါပဲ၊ အနာကြီးရောဂါဆိုတာလဲ ဖြစ်စမှာ ရိုးရိုး အရေပြားရောဂါတစ်ခုမို့ ရှက်စရာမလိုပါဘူး၊ ကြောက်စရာမလိုပါဘူး၊ ရွံစရာ မလိုပါဘူး၊ ရှေးက အထင်မှား အမြင်မှား၊ အစွဲမှားတွေဖြစ်တဲ့ သူ များ ပြုစားလို့ ၊ အစားမှားလို့ ၊ စုန်းတို့ နတ်တို့ ပရောဂတို့ စတဲ့ လွဲမှားမှု တွေကို ဖျောက်ပြီး ခေတ်မီလူတန်းစား တစ်ရပ်အဖြစ် ရပ်တည်ပြီး ကျွန် မတို့ နဲ့ ပူးပေါင်းဆောင်ရွက် ပေးစေချင်ပါတယ်၊ ဖြစ်ခါစမှာ တော့ ခန္ဓာ ကိုယ်အစိတ်အပိုင်း ကလေးတစ်ခုထဲက အကွက်ကလေး တစ်ကွက်က စတာပါပဲ၊ တချို့လဲ နှစ်နေရာ၊ သုံးနေရာ ပြိုင်ပြီးထွက်ရင် ထွက်မယ်ပေ့ါလေ၊ အဲဒီအချိန်မှာ ခြောက်လလောက် ဆေးသောက်လို က်ရင် လုံးဝ ပျောက်ကင်းသွားမယ်လို့ အာမခံပါတယ်၊ ဒီအချိန် ပုံမပျက် အောင် ဖုံးကွယ်ပြီး ဟန်ဆောင်နေမယ် ဆိုရင်တော့ ကိုယ့်ရောဂါဟာ သူ များကို ကူးစက်စေနိုင်ပြီး ကိုယ်ကိုယ်တိုင်လဲ နောက်ပိုင်းမှာ ရောဂါပိုး တွေ ခန္ဓာကိုယ်ထဲ ပျံ့နှံ့ပြီး အရိုးတွေအထိ တိုက်စားလို့ နှာခေါင်းရိုးတွေ ကျိုးပြီး နိမ့်ဆင်းသွားတာမျိုး၊ လက်ချောင်းကလေးတွေ ခြေချောင်းက လေးတွေ ကြွေပြီး တိုဝင်သွားတာမျိုး စတဲ့ သိသာထင်ရှားပြီး ဖုံးကွယ် ဟန်ဆောင်လို့ မရတော့တဲ့ ကိုယ်ခန္ဓာချို့ယွင်းမှုတွေ ဖြစ်လာမှာ မလွဲမ သွေပါပဲ၊ ဒါကြောင့် အဲဒီလူများ ဆေးအမြန်သောက်ပြီး ကာကွယ်ဖို့ လို အပ်ပါတယ်"

"ဒါပေမယ့် ခန္ဓာကိုယ်ပေါ်မှာ အကွက်ကလေးတစ်ခုတွေ့တိုင်း အနာ ကြီးရောဂါသည် လို့ သတ်မှတ်ဖို့ ကတော့ ကျွမ်းကျင်တဲ့ ဆေးပညာရှင် တွေက စမ်းသပ်ပေးဖို့ ကျွန်မတို့ မူလက စီစဉ်လုပ် ကိုင်ခဲ့ပါတယ်၊ အဲဒီ အခါမှာ ဘာဖြစ်သလဲဆိုတော့ ဒီလူတွေဟာ ကိုယ့်ကိုယ်ကိုယ် အနာကြီး

ရောဂါသည် ဟုတ် မဟုတ် လူသိရှင်ကြား စမ်းသပ်ခံရမှာ ဆေးယူသောက်ရမှာ ပတ်ဝန်းကျင်ကိုရှက်ပြီး ထွက်မလာတာတွေ တွေ့ရပါတယ်၊ တချို့ဆို မိမိရဲ့ မိသားစုကိုတောင် အသိမခံချင်တဲ့ အခြေအနေတွေကြောင့် ကျွန်မတို့ နဲ့ ပိုပြီး အလှမ်းဝေးသွားပါတယ်၊ ဒီတော့ ကျွန်မပြောချင်တာက အခုဆိုရင် အနာကြီးရောဂါဆိုတာ ကုသပျောက်ကင်းနိုင်တယ်၊ အဲဒီဆေးကိုလဲ အခမဲ့ သောက်သုံးနိုင်တယ်ဆိုတဲ့ ကြီးမားတဲ့ အခွင့်အရေးတစ်ခု ရှိနေပါပြီ။ အဲဒါကို ရောဂါသည် တွေရော၊ အခု ရောက်ရှိနေကြတဲ့ ကျေးရွာလူထုကပါ ဝိုင်းဝန်းကူညီပါဆိုတာနဲ့ အတူ ရောဂါရှာဖွေတဲ့ နေရာမှာ လူသိရှင်ကြားမဖြစ်ရဘဲ ကျွန်မတို့ နဲ့ လျှို့ဝှက်ဆက်သွယ်နိုင်တဲ့ အခြေအနေနဲ့ ကိုယ့်ခန္ဓာကိုယ်ပေါ်က အကွက်ကလေးဟာ တကယ့်အနာကြီးရောဂါ ဟုတ်မဟုတ် သိနိုင်တဲ့ စမ်းသပ်နည်းကလေးကို အရင်ပြောပါရစေ”

ညို့ စကားခဏဖြတ်ပြီး လှမ်းအကဲခတ်လိုက်ချိန်မှာ ကျေးရွာလူထုက စိတ်ဝင်စားဟန် ရှိသည် ။ ဒီလို စကားပြောပွဲမျိုးက လူညည်းငွေ့တတ်သော်လည်း ညိုတို့ ကတော့ မပြောမဖြစ်ပြောနေရမြဲ ဖြစ်သည် ။ အထူးသဖြင့် သည် လို အပူပိုင်းဒေသတွေက ပိုပြီး လိုအပ်လေ့ရှိသည် မို့ ပြည့်ပြည့်စုံစုံ ပြောမှာ ပဲ ဖြစ်တော့မည်။

“ကိုယ်ကိုယ်တိုင်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်စေ၊ ကိုယ့်မိသားစုထဲမှာ ဖြစ်စေ၊ မသင်္ကာစရာ ခန္ဓာကိုယ်မှာ အကွက်ကလေးတစ်ခုတွေ့ရင် အနာကြီးရောဂါ ဟုတ်မဟုတ် စမ်းသပ်ကြည့်ပါ၊ မိမိကိုယ်တိုင် စမ်းသပ်နိုင်တဲ့ အလွယ်ဆုံးနည်းလမ်းကတော့ ဟောဒီလို ပင်အပ်ကလေးတစ်ချောင်းကို ယူလိုက်ပါ၊ အဲဒီအကွက်ကလေးပေါ်ကိုအပေါ်ကထိပ်ဖုအတုံးကလေးနဲ့ ထိုးကြည့် ပါ၊ နောက်တစ်ခါ အပ်ဖျားချွန်ကလေးနဲ့ ထိုးကြည့်လိုက်ပါ၊ အဲဒီမှာ ထုံးစံအတိုင်း စူးရှတဲ့ ခံစားမှုကို ရရင် အဲဒီအကွက်

တွေဟာ အနာကြီးရောဂါကွက် မဟုတ်ပါဘူး၊ တုံးလို့ တုံးမှန်းမသိ၊ ချွန်လို့ ချွန်မှန်းမသိဘဲ ထုံနေမယ် ဆိုရင်တော့ အဲဒါ အနာကြီးရောဂါအကွက် ဖြစ်နိုင်ပါတယ်။ ပြီးတော့ အဲဒီအကွက်တွေပေါ်မှာ မွေးညှင်းမပေါက်ပါဘူး၊ ချွေးစက်မထွက်ပါဘူး၊ ရေနွေးပူတို့ ထမင်းရည်ပူတို့လို အပူစက်ကလေး ချကြည့်ရင်လဲ လုံးဝမပူပါဘူး။ အဲဒီ ထူးခြားချက်တွေ တွေ့ရရင် ကျွန်မတို့ အဖွဲ့နဲ့ လျှို့ဝှက်ဆက်သွယ်ပါ၊ အဲဒီအခါ ကျန်းမာရေးဝန်ထမ်း တစ်ဦးဦးက လိုအပ်တဲ့ စမ်းသပ်မှုတွေ ပြုလုပ်ပြီး ဆေးကို လျှို့ဝှက်ပေးပြီး ညွှန်ကြားပါမယ်၊ လယ်တောထဲ ရောက်နေတဲ့ သူကို လယ်တောထဲအထိ ဝေဒနာသည် ဆီကို တိုက်ရိုက်ရောက်အောင် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းကနေ တစ်ဆင့် လျှို့ဝှက်ပြီး အရောက်ပို့ပါမယ်၊ လုပ်ငန်းခွင်ပဲ ဝင်နေဝင်နေ၊ ကိုယ့်အိမ်မှာ ပဲ ရှိနေရှိနေ၊ ဘယ်ကို ပို့စေချင်သလဲသာ ပြောပါ၊ ဘယ်သူ့ကိုမှ မပေါက်ကြားစေဘဲ ကျွန်မတို့ တိုက်ရိုက်ပေးတဲ့ စနစ်နဲ့ စီမံဆောင်ရွက်ပေးပါမယ်၊ အရေးကြီးတာက သူများ နိုင်ငံက အခမဲ့လှူနေတဲ့ အချိန်မှာ ငွေမကုန်ဘဲ ရောဂါပျောက်ကြဖို့ ပဲ လိုပါတယ်။ ဒါကြောင့် ကျွန်မတို့ တစ်တွေ ဒီလောက်အပင်ပန်းခံပြီး လှုပ်ရှားနေကြတာ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီကျေးရွာလူထုကလဲ တာဝန်သိတတ်စွာ ကျွန်မတို့ နဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်ရှင်”

***

## ချစ်တဲ့ ညီ့ရေ

ပင်ပန်းနေပြီလား၊ ညီ့ဆီ ကိုကို ဖုန်းဆက်တော့ ခရီးထွက်သွားတယ်လို့ သိရတယ်၊ ကိုကို့ စိတ်တွေကတော့ အမြဲတမ်း ညီ့ဆီ ရောက်နေတာပါပဲ၊ ဘယ်တော့များမှ ညီ့နဲ့ ကိုကို အတူနေရပ့ါမလဲ ဆိုတာတွေ

တွေးပြီးမောနေရတဲ့ အချိန်တွေ ကုန်ဆုံးလုပါပြီနော်၊ သည် တစ်ခေါက် ကိုကို ပြန်ရောက်ရင်တော့ လက်ထပ်ဖြစ်အောင် လက်ထပ်ကြပါစို့ ညိုရယ်နော်၊ တစ်နှစ်နဲ့ တစ်နှစ် ညိုတို့ ကိုကိုတို့ ရဲ့ အသက်တွေက ကြီးကုန်တော့မှာ ၊ ညိုက မိခင်စိတ် အပြည့်အဝရှိတဲ့ မိန်းမတစ်ယောက်၊ ကိုကိုက မိသားစု အသိုင်းအဝန်းလေးနဲ့ နေချင်စိတ် ပြင်းပြတဲ့ လူ၊ ကိုကိုတို့ ရဲ့ ပျော်ရွှင်စရာ မိသားစုကမ္ဘာလေးကို မြန်မြန်ဖန်တီးချင်လှပြီ ညိုရယ်၊ ဒါဟာ ကိုကို အစွန်းရောက်နေတဲ့ ဘယ်လိုတပ်မက်မှုမျိုးနဲ့ ပြောတာမှ မဟုတ်ဘဲ တကယ့် မေတ္တာစစ်နဲ့ ပြောတာပါ ၊ ညို ကိုကို့အကြောင်း ကောင်းကောင်း သိပါတယ်နော်၊ ညို ခရီးထွက်တာလဲထွက်ပါ၊ ညို့ရဲ့ ဝါသနာပါတဲ့ လူမှုရေးကိစ္စတွေကိုလဲ လုပ်ပါ၊ ဒါပေမယ့် ညို့ကျန်းမာရေးကိုလဲ ဂရုစိုက်ပါနော်၊ ကိုကို့မှာ လောကကြီးတစ်ခုလုံးအတွက် တွယ်တာစရာဆိုလို့ ညိုတစ်ယောက်တည်းရှိတာပါ၊ ညို့အသံလေးကို ကြားချင်တယ်၊ ညို့ လက်ရေးနဲ့ စာကလေးကို ဖတ်ချင်တယ်၊ ညို ကိုကို့ဆီ စာရေးနော်၊ ကိုကို ရန်ကုန်မှာ ညိုနဲ့ ကိုကို အတူနေဖို့ အိမ်ကလေးတစ်လုံး မင်းဇော်ကို ကြည့်ခိုင်းထားတယ်၊ ကိုကို့ လုပ်ခငွေတွေစုပြီး အဆင်ပြေရင် ဝယ်ထားရအောင်လေ၊ ညိုလဲ မင်းဇော်နဲ့ တွေ့ရင် မေးကြည့်ပါဦး၊ အတူနေချင်ပြီ ညိုရယ်။

ညို့ကို အရမ်းလွမ်းနေတဲ့

ကိုကို

ကိုကို့ စာကိုဖတ်ပြီး ညိုပျော်သွားသည် ။ ခရီးက ပြန်ရောက်စ ပင်ပန်းနွမ်းနယ်မှုတွေက ကိုကို့စာကလေးကြောင့် လန်းဆန်းသွားစေသည် ။

ခရီးရောက်မဆိုက် အဝတ်အစားပင် မလဲရသေးဘဲ စားပွဲပေါ်တွေ့သည့် စာအိတ်တွေထဲက ကိုကို့လက်ရေးနှင့် စာအိတ်ကို မြင်လိုက်တာနှ

င့် တန်းဖောက်ပြီး ဖတ်လိုက်ခြင်းဖြစ်သည် ။ ကိုကို့ စာကို ဖတ်ပြီး ကိုကို့ အသွင်သဏ္ဍာန်ကို မြင်ယောင်လာသည် မို့ စာရွက်ကလေးကို ရင်မှာ ကပ်ပြီး ကုတင်ပေါ် ခဏလှဲကာ နားနေလိုက်သည် ။ ထိုအခိုက်အတန့်ကလေးမှာ တော့ ညို့ အလုပ်ကိစ္စတွေ အားလုံးကို မေ့သွားတာတော့ အမှန်ပင်ဖြစ်သည် ။

ခဏတဖြုတ်နား၊ ရေမိုးချိုးပြီးလျှင်တော့ ကိုကို့ထံပြန်စာရေးမည်ဟု ကြံတွေးထားလိုက်သည် ။ ခုလောလောဆယ်တော့ ရေချိုးခန်းထဲမှာ အေးမွှန်ရောက်နေသည် မို့ သူ့ကိုစောင့်ရင်း ကိုကို့အကြောင်း စဉ်းစားနေမိသည် ။ ကိုကို့ဘဝမှာ ညီအစ်ကိုမောင်နှမ မရှိ၊ ငွေကြေးပစ္စည်းဥစ္စာ ချို့တဲ့ သော မိသားစုထဲမှ ပေါက်ဖွားလာခြင်းအပေါ် ကိုကို့မှာ အမြဲတမ်း အားနည်းချက်တစ်ခုလို ခံစားနေခဲ့သည် ။

“ကိုကိုက ဆင်းရဲတာကိုမကြောက်ပါဘူး၊ သမာအာဇီဝနဲ့ ရုန်းကန်နိုင်ပါတယ်၊ သူများ မိသားစုတွေလို ညီအစ်ကိုမောင်နှမတွေ စုဝေးပြီး တိုင်တိုင်ပင်ပင် ပျော်ပျော်ရွှင်ရွှင် နေချင်တယ်၊ ကိုကို့ဘဝကို ဥတစ်လုံး တစ်ကောင်ကြွက်အဖြစ် မဖြတ်သန်းချင်ဘူး”

“ကိုကို ဆယ့်ခြောက်နှစ်သားမှာ အမေသေခဲ့တယ်၊ ကိုကို့အတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှု ကြီးတစ်ခုကို ရင်ဆိုင်လိုက်ရတာပဲ၊ ဖေဖေနဲ့ ကိုကိုနှစ်ယောက်ထဲ နေခဲ့ကြရာကနေ ဖေဖေ နောက်အိမ်ထောင်ပြုမယ်ဆိုတော့ ကိုကို ဝမ်းနည်းဝမ်းသာ ရင်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရတယ် ၊ ဝမ်းနည်းတာက မေမေ့ကိုသတိရလို့ ၊ ဝမ်းသာတာက ဖေဖေ နောက်ထပ်ကလေးရရင် ကိုကို့ညီလေး၊ ညီမလေးတွေ ဖြစ်လာကြမှာ မို့လို့ လေ ”

“ဒါပေမယ့် ညိုရယ်၊ ကိုကို မျှော်မှန်းချက်တွေ ထပ်ပြီးလွဲခဲ့ပြန်တယ်၊

ဖေဖေ့ဇနီးက အရင် အိမ်ထောင်နဲ့ ခပ်ဆိုးဆိုးကလေးတွေ ပါလာခဲ့ပြီး ဖေဖေနဲ့ တော့ ထပ်ပြီး ကလေးမယူတော့ဘူးတဲ့ လေ၊ ကိုယ့်အဖေနဲ့ မွေးတာ မဟုတ်ပေမယ့်လဲ ကိုကို ချစ်နိုင်တွယ်တာနိုင်ပါတယ်၊ ဒါပေမယ့် သူတို့ သားအမိတွေက ကိုကို့ကို မလိုလားကြဘူး၊ သွေးရင်းသားရင်းမှ မဟုတ်ဘဲကိုး၊ နောက်ဆုံးတော့ ကိုကိုတောင် အိမ်က လွင့်ထွက်လာရတဲ့ အဖြစ်ကို ရောက်ခဲ့တယ်”

“ညိုနဲ့ တွေ့တော့ ကိုကို့ဘဝမှာ ရောင်ခြည်တွေ ပွင့် လာပြီ ညို၊ ကိုကိုတို့ မိသားစုကမ္ဘာလေး တည်ဆောက်ကြတော့မယ်၊ ကိုကိုနဲ့ ညို လက်ထပ်ပြီးရင် ညို သားတွေ သမီးတွေ များများ မွေးပေးနော်၊ ကိုကို့မေမေလို တစ်ယောက်တည်း မမွေးနဲ့ နော်၊ အနည်းဆုံး သုံးယောက်လောက်တော့ မွေး ညိုရာ ... နော်၊ တော်ကြာ ကိုကိုတို့ ကလေးဟာ ကိုကို့လို တစ်ကောင်ကြွက်ကလေး ဖြစ်နေဦးမယ်”

ထိုစကားတွေကို ကိုကိုက သူ့ဘဝအတွက် မျှော်လင့်ချက်ကြီးစွာနှင့် အားတက်သရော ပြောခဲ့ပေမယ့် ထိုအချိန်မှာ ညို မျက်နှာတွေရဲအောင် ရှက်နေခဲ့သည်။

“အို ကိုကိုကလဲ၊ ဘာတွေ ပြောနေတာလဲ၊ ဒီအချိန်မှာ ဒီစကားတွေ မပြောပါနဲ့ ”

လို့ ဟန့်တားခဲ့သေးသည် ၊ သို့သော် ကိုကိုကတော့ ကြုံတိုင်း သူ့ခံစားချက်ကို ပြောလို့ ချည်း နေသည် မို့ ကြာတော့ ညို ကိုကို့အပေါ် နားလည်လာခဲ့သည်။

* * *

“ဆရာမရေ ကျွန်မ အတန်းထဲက တပည့်ကလေးတွေ မုန့်စားဆင်း

တဲ့ အချိန် လူတွေအုံပြီး ကစားနေကြလို့ ကျွန်မ သွားကြည့်ရင်းနဲ့ ဒီက လေးကို မသင်္ကာတာနဲ့ ဆရာမတို့ ဆီ ခေါ်လာခဲ့တာပါ”

တစ်နေ့ ညီုတို့ အဖွဲ့ ပဲခူးတိုင်းထဲမှ ရွာငယ်ကလေး တစ်ရွာမှာ ရောဂါရှာဖွေရေးအတွက် ဆွေးနွေးဟောပြောပွဲအပြီး ညီုတို့ တည်းခိုသည့် အိမ်သို့ မူလတန်းပြဆရာမတစ်ဦးမှ ကိုးနှစ်အရွယ် ကလေးငယ်တစ်ယောက်ကို လက်ဆွဲပြီး ရောက်လာသည် ။

ထိုခရီးစဉ်တွင် တော့ ညီုတို့ အဖွဲ့မှ အတော်လူစုံသည် ။ ယခင် အနာကြီးအဖွဲ့ခေါင်းဆောင် ဆရာဝန်ကြီး ဦးတင်မြင့် (ယခု NGO)နှင့် လက်ရှိ အနာကြီးတိုက်ဖျက်ရေးခေါင်းဆောင် ဒေါက်တာ ဦးကျော်ညွန့်စိန်၊ ဒေါက်တာ ကျော်မြင့်တို့ အပြင် စာပေမီဒီယာမှ စာရေးဆရာများ ဖြစ်ကြသည့် ဆရာ ချစ်စံဝင်း၊ ဆရာမ လမင်းအိမ်၊ ဆရာမကြီး ဒေါ်ခင်ဆွေဦး၊ ကလျာ(ဝိဇ္ဇာ/သိပ္ပံ)၊ ရွှေသဉ္ဇာ၊ ရုပ်ရှင်သရုပ်ဆောင် ဆွေဇင်ထိုက်နှင့် အခြား ဖော်လံတီယာများ လည်း ပါခဲ့ကြသေးသည် ။ တစ်နေရာတွင် ညီုတို့ ကျေးရွာလူထုနှင့် တွေ့ဆုံဆွေးနွေးဟောပြောပွဲအပြီး ညနေပိုင်း တည်းခိုအိမ် အပေါ်ထပ်တွင် နားနေကြစဉ် ရောက်လာခြင်းဖြစ်သည် မို့ ထိုကလေးအပေါ် စိတ်ဝင်စားမှုအာရုံများ စုပြုံနေကြသည် ။ ဆရာကြီး ဦးတင်မြင့်နှင့် ဒေါက်တာ ကျော်ညွန့်စိန် ကိုယ်တိုင်ပါသည် မို့ ထိုဆရာဝန်ကြီးများ နှင့် တိုက်ရိုက်စမ်းသပ်မေးမြန်းခွင့် ရသွား သည် ။

“ဘယ်လိုမသင်္ကာစရာ တွေ့တာလဲဆိုတာ ပြောပြပါဦး”

ဆရာကြီးများကမေးတော့ ဆရာမလေးက သူ့တပည့်ဝတ်ထားသော ရုပ်အင်္ကျီ၏ လက်ကို ပင့်တင်ပြီး ...

“သူတို့ လေးတွေ မုန့်စားလွှတ်ချိန်မှာ စုပြုံပြီး အုံနေတာ နှစ်ရက်သုံးရက် ရှိပြီ၊ မနေ့ကတော့ ကျွန်မက ဒီလောက် သဲကြီးမဲကြီးဖြစ်နေတာ အံ

စာတုံး ကစားနေတာလား၊ အခြားလောင်းကစား တစ်ခုခု လုပ်နေတာလားဆိုပြီး သွားကြည့်တော့ အလောင်းအစားလုပ်နေတာတော့ အမှန်ပဲ၊ သူတို့ လုပ်နေကြပုံက ကြောက်စရာကြီး”

“ဘယ်လို လုပ်နေကြလို့ လဲ”

“နှီးပြားထက်ထက်တစ်ခုနဲ့ လက်ကောက်ဝတ်ကို တစ်လှည့်စီ လှီးနေကြတယ် ဆရာ၊ အခြား ကလေးတွေနဲ့ သူ တစ်ယောက်တည်းနဲ့ ဒိုင်ခံပြိုင်ပြီး လှီးနေတာ၊ ခံနိုင်ရည်ရှိတဲ့ လူက အနိုင်ပေါ့၊ ကလေးတိုင်းက ဘယ်ခံနိုင်မလဲဆရာ၊ ဘယ်လောက်သတ္တိကောင်းကောင်း နှီးပြားဆိုတာက ရှတာပဲ၊ ရှရင်နာတာပေါ့၊ သွေးထွက်တဲ့ အထိ ဘယ်ခံနိုင်မှာ လဲ၊ အရှုံးပေးကြတာချည်းပဲ၊ သူကတော့ နှီးပြားအသားထဲ နစ်ဝင်သွားလဲ လူက တွန့်မသွားဘူး၊ သွေးတွေ ဖြိုင်ဖြိုင်ကျလာတာလဲ အပြုံး မပျက်ဘူး၊ သူ့ကို မေးတော့ လုံးဝမနာဘူးတဲ့ ၊ လက်ကြီးလဲ ဟက်တက်ကွဲနေပြီ၊ ဒါနဲ့ ကျွန်မ ဒီနေ့ ဟောပြောပွဲ လာနားထောင်ပြီးတော့ ဒါဆိုရင် ဒီကောင် အနာကြီးရောဂါရှိနိုင်တယ်ဆိုပြီး သူ့အိမ်ကို လိုက်သွားပြီး ခေါ်လာခဲ့တာပဲ ဆရာ၊ ဒီနေ့ ကျောင်းပိတ်ရက်ဖြစ်တော့ သူ့ လျှောက်ရှာနေရတာနဲ့ ဒီလောက် ကြာသွားတာပါ”

ဟုတ်ပါသည် ။ ကလေး၏ လက်ကောက်ဝတ် အဆစ်နားမှ နေရာသည် ဟက်ပက်ကြီးကွဲ၍ အသားတွေလန်နေကာ ကြည့်ရတာနှင့် ပင် ကြက်သီးထစရာ ဖြစ်နေတော့သည် ။ ကလေးငယ်သည် အသားညိုညို၊ နှာတံပေါ်ပေါ်နှင့် ချစ်စရာလေး ဖြစ်၏။ ဆရာဝန်ကြီးနှစ်ဦးလုံး ကလေးအား လိုအပ်သည့် စမ်းသပ်မှုများ ပြုလုပ်ရန် အတွင်းခန်းသို့ ခေါ်ဆောင်သွားသည် ။ ကလေး၏ ခန္ဓာကိုယ်အနှံ့အပြားမှာ သည် လိုနေရာမျိုး ထပ်မံ ရှိမရှိ လေ့လာရန် ဖြစ်၏။

သည် ကလေးကတော့ အနာကြီးရောဂါဖြစ်နေတာ သေချာနေမှန်း ညိုတို့ သိလိုက်ရသည် ။ ထိုနေရာမျိုးတွင် ပွက်ပွက်ဆူနေသော ရေနွေး လောင်းချ၍ လည်း ပူမည်မဟုတ်ပေ၊ အရေပြားရော အထဲမှ အသား ရော ထူ၍ ထုံနေမည်သာ။ ဒဏ်ရာဘယ်လောက်ကြီးကြီး၊ အနာဘယ် လောက်ရင့်ရင့် ပြည်တရွှဲရွှဲ၊ သနာရည် တစိမ့်စိမ့်ယိုပြီး လှိုက်သာစားသွားမည်။ သူ့မှာ ဘာခံစားချက်မှ မရှိနိုင်။ ထိုသို့ ခံစားချက် မရှိ၍ အနာကို သန့်ရှင်းအောင် ပျောက်ကင်းအောင်မလုပ်ဘဲ လျစ်လျူရှု ထားကြခြင်းကြောင့် ထိုအနာမှ သွေးပြည်များ နှင့် သနာရည်မှ ပိုးများ က အခြားသူတွေအတွက် ရောဂါကူးစက်ကုန်ခြင်း ဖြစ်တော့သည် ။ ယ ခုတော့ ဤဟောပြောပွဲ၏ ရလာဒ်နှင့် မူလတန်းပြ ဆရာမလေး၏ ကျေးဇူးကြောင့် ဆေးတိုက်စရာ လူမမာတစ်ယောက် ပေါ်ခဲ့ပြီဖြစ်သည် ။ နောက်ထပ်လည်း သည် လို တာဝန်သိသူများကို ထပ်ပြီး ဆုံတွေ့ရလိ မ့်ဦးမည်ဟု ညို ယုံကြည်နေမိသည် ။

* * *

ညိုတို့ လမ်းနားရောက် လာလေ ကိုကို့ခြေလှမ်းတွေက သွက်လက် တက်ကြွ လာလေလေ ဖြစ်သည် ။ သူ ဒီနေ့ ရန်ကုန်ရောက်မည်ကို ညို ကြိုတင်သိမထားခဲ့ပေ၊ ညိုတို့ ခရီးက ပြန် လာပြီး နောက်ထပ် ခရီးထွ က်စရာ မရှိသေးမှန်းတော့ ညို့စာထဲတွင် ပါသည် မို့ ရန်ကုန်တွင် ညိုရှိ နေကြောင်း ကိုကို သိထားပြီးဖြစ်သည် ။ တကယ်တော့ ကိုကို ရန်ကုန် လာရန် အစီအစဉ် မရှိခဲ့လေပါ။ ကြိုတင်အစီအစဉ်ရှိပါက ညို့ဆီ ဝမ်း သာအားရ စာကြိုရေးမိခဲ့မည် ဖြစ်သည် ။ ယခုတော့ ကိုကို့ဆရာ သွားရ မည့် ခရီးကို ဆရာ၏ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကြောင့် လေယာဉ် လက်မှတ်ဝယ်ခါနီးမှ ကိုကို့ကို တာဝန်လွှဲပြောင်းပေးလိုက်ခြင်း ဖြစ်၏။ ထို့ကြောင့် ကလေးမှ နံနက်လေယာဉ်ဖြင့် ရန်ကုန်သို့ ၁၁ နာရီ

ရောက်ပြီးကတည်းက အလုပ်ကိစ္စများ အလျှင်စလိုလုပ်ကာ ညနေဘက်မှ ညို ရုတ်တရက် ဝမ်းသာသွားရအောင် ကိုကို ရောက်လာခဲ့ခြင်းဖြစ်သည် ။ ညိုတို့ အိမ်နား ရောက် လာလေလေ ကိုကို့စိတ်တွေ လှုပ်ရှား လာလေ ဖြစ်သည် ။ ကိုကို ညိုတို့ အိမ်ခန်း ကလေးရှေ့သို့ ခြေချမိသည် နှင့် ခဏရပ်ကာ ညို့ကို ဘယ်လိုရင်ဆိုင်ရမလဲဟု တွေးရင်း ကြည်ကြည်နူးနူး ပြုံးလိုက်သည် ။ ကိုကို့ ပုံသဏ္ဌာန်က မနက် လေယာဉ်ကွင်းကတည်းက ပုံစံအတိုင်းပင်။ ရှပ်အင်္ကျီလည်ကတုံးအဖြူကို လက်ကောက်ဝတ်အထိ ခေါက်တင်၍ ယောပုဆိုးစကြော်ပွင့်အညိုနှင့် ဝန်စည်စလွယ်ဆို၍ ခရီးဆောင်အိတ်အနက်ပြား လက်ဆွဲအိတ်ကလေး တစ်လုံးသာ ပါသည် ။

ကိုကို တံခါးဝတွင် ရပ်၍ တံခါးကိုလက်ဖြင့် အသာတွန်းကြည့်လိုက်သောအခါတွင် တံခါးက ဟသွားသည် ။ ဟသွားသော တံခါးမှ အထဲသို့ အသာချောင်းကြည့်လိုက်သော် ကိုကို အတိုင်းမသိ ကြည်နူးစွာ ရင်ခုန်သွားသည် ။ ညိုသည် တံခါးဝကို ကျောပေး၍ စာရေးစားပွဲတွင် ထိုင်ကာ တစ်ခုခုကို စိတ်ဝင်စားနေဟန် တူသည် ၊ စားပွဲပေါ်တွင် စာပဲရေးနေလား၊ စာပဲ ဖတ်နေသလား မသိပါ။ ညို၏ ဆံပင်အရှည်တွေက ခေါင်းလျှော်ပြီးစမို့ ဖားလျားဝေကာ ခါးအထိဖြန့်ကာ ညို့ပခုံးတွေပေါ် လွှမ်းခြုံထားသည် ။ သည် အသွင်သဏ္ဌာန်သည် ကိုကို မကြာခဏ မြင်နေကျ ညို့ပုံစံပဲ ဖြစ်သည် ။ ပြီးတော့ ညိုက အိမ်မှာ ဆိုလျှင် ရှပ်အင်္ကျီလက်ရှည်ကို ဝတ်လေ့ရှိသည် ။ ယခုလည်း သည် လိုပင်။ နောက်ကနေ ညို့ကိုကြည့်ရင်း ကိုကို့ရင်မှာ ချစ်စိတ်တွေ ဖိတ်ဖိတ်လျှံလာတော့သည် ။

"ညို"ဟု အသံပြုမည်ဆဲဆဲ နှုတ်ကို ကိုကိုအသိဖြင့် ထိန်းချုပ်လိုက်ပြီး တံခါးကို အသံမမြည်အောင် အသာတွန်းဖွင့်ဝင်ကာ လက်ထဲမှ အိတ်ကို ကုလားထိုင်တစ်လုံးပေါ် ဖြည်းညင်းစွာတင်၍ ညို့

နားသို့ ဖြည်းဖြည်းလှမ်းလာခဲ့သည် ။ "ညို ဘာတွေ စိတ်ဝင်စားနေတာလဲ၊ ကိုကိုလာတာတောင် မသိဘူးလား'ဟု ဖြိုးကနဲနောက်မှ နေ၍ ညို့ပခုံးကို ဖွဖွဖက်ကာ ခေါင်းလျှော်ရည်နံ့ သင်းနေသော ညို့ဆံပင်လေးကို ကျော်၍ ညို့ပါးပြင်နားသို့ ကိုကို့ပါးကို ကပ်၍ နမ်းရှိုက်လိုက်မိသည် ။

"အမယ်လေး"

"ဟင်"

ချက်ချင်းပင် နှစ်ယောက်စလုံး အလန့်တကြား ဖြစ်သွားတော့သည် ။

"ဟင် မ ... မ ... အေးအေးမွန်"

ဖြိုးကနဲ ကြောက်လန့်တကြား ထရပ်၍ မျက်နှာတစ်ပြင်လုံး နီရဲကာ တဆတ်ဆတ်တုန်နေသော အေးအေးမွန်ကို ကိုကို ဘာပြောရမှန်းမသိအောင် ရုတ်တရက် မင်သက်မိသွားသည် ။ ပြီးမှ

"ကျွန် ... ကျွန်တော် တောင်းပန်ပါတယ် မအေးအေးမွန်၊ ညို ... ညို ထိုင်နေတယ်ထင်လို့ ပါ၊ ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် ညို အံ့ဩသွားအောင် လုပ်လိုက်မိတာ၊ ကျွန်တော့် အပြစ်ပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

အေးအေးမွန်ကတော့ သူ့ကို ငေးကြောင်ကြည့်နေရင်းမှ တဖြည်းဖြည်း စိတ်ကိုငြိမ်အောင် တည်ဆောက်နေပုံရသည် ။

"ညို ဘယ်သွားလဲ မအေးအေးမွန်"

သူ့ အသံတွေကလည်း တုန်ယင်နေသည် ။

"ချိုချိုလာလို့ ဘုတာသွားပို့ပါတယ်၊ အစက အေးမွန်လဲ လိုက်သွားမ

လို့ ပါ၊ သူတို့ က ဘူတာ မဆင်းခင် ဝယ်စရာရှိသေးလို့ ဆိုပြီး စောထွက်သွားတာနဲ့ အေးမွန် မမှီလိုက်လို့ ”

အရင်က ဒီအခန်းကလေးမှာ ညိုနဲ့ ချိုချို နှစ်ယောက်နေကြသည် ။ သူတို့ နှစ်ယောက်က မောင် သုံးယောက်ခြားသော အကြီးဆုံးနှင့် အငယ်ဆုံးမို့ အရွယ်ရော၊ ကိုယ်လုံးကိုယ်ထည်ပါ ကွာခြားသည် ။ ညိုနဲ့ အေးမွန်က ကျောင်းနေဖက်အချစ်ဆုံး သူငယ်ချင်းတွေဖြစ်ပြီး အလုံးအရပ်ရော ၊ ရုပ်ရည်ပါ ဆင်ဆင်တူကြသည် ကို သိထားသော်လည်း ချိုရှာပြန်သွားပြီးသည့် နောက် အေးမွန် ညိုနှင့် တစ်ခါတရံ အတူလာနေကြောင်း ညို့စာထဲတွင် ပါပေမယ့် ဒီကနေ့တော့ အဲဒီကိစ္စကို သူ တကယ်ပဲ မေ့နေခဲ့သည် ။

“ကိုကို ဘယ်တုန်းက ရောက်လဲ”

ကိုကို့နာမည်အရင်းက ကိုကိုပဲ ဖြစ်သည် မို့ အေးမွန်စကားစရှာပြီး မေးလိုက်သည် ။

“ကျွန်တော် ဒီမနက်ပဲ ရောက်ပါတယ်၊ အလုပ်ကိစ္စတွေပြီးတာနဲ့ ဒီကို တန်းလာခဲ့တာပါ”

“ညို့ဆီ အကြောင်းကြားမထားဘူးနဲ့ တူတယ်နော်”

“ဟုတ်ပါတယ်၊ ကျွန်တော် ရုတ်တရက် ထွက်လာခဲ့ရလို့ အကြောင်းမကြား ဖြစ်လိုက်ဘူး၊ နောက်တော့လဲ ညို ရုတ်တရက် ဝမ်းသာသွားအောင် ကျွန်တော် ဖုန်းမဆက်ပဲ လာလိုက်တာပါ”

“ဩော်”

“မအေးအေးမွန်”

“ရှင်”

"စောစောကအဖြစ်ကို ကျွန်တော် ထပ်တောင်းပန်ပါတယ်နော်"

"မေ့ပစ်လိုက်ပါကိုကို၊ ညိုသိရင်လဲ စိတ်မကောင်းဖြစ်နေပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ကိုကို ထိုင်ပါဦး၊ အေးမွန် ကော်ဖီ သွားဖျော်လိုက်ပါဦးမယ်၊ ညိုလဲ ရောက်တော့မှာ ပါ"

"နေပါစေ မအေးအေးမွန်၊ ကျွန်တော် အပြင် ခဏပြန်ထွက်လိုက်ပါ ဦးမယ်၊ ပြီးခါမှ တစ်ခေါက် ပြန်လာပါမယ်၊ ဒါမှ မဟုတ် ဖုန်းဆက်ပါမ ယ်"

အေးမွန် တားမည်ပြုပြီးမှ မတားဖြစ်လိုက်တော့၊ ကိုကိုလဲ အားနာပြီး မျက်နှာပူနေပုံရသည် ။ အေးမွန်ကိုယ်တိုင်လည်း အနေရ အ ထိုင်ရ ကျဉ်းကျပ်နေသည် မို့ အသာပဲ ငြိမ်နေလိုက်သည် ။

ကိုကိုထွက်သွားသောအခါ အေးအေးမွန် တံခါးချက်ကို အသေအချာ ပိတ်လိုက်သည် ။ စိတ်ထဲ ကလည်း "ငါ့နှယ်နော်၊ အခုမှ ထပိတ်လို့ ဘာဖြစ်မှာ မို့လဲ၊ စောစောကသာ ပိတ်ထားမိရင်" ဟု တွေးရင်း ရင်ထဲမှ အမည်မသိ ဝေဒနာတစ်ခုကို ခံစားလိုက်ရသည် ။ ပါးပြင်ကို လက်ဖဝါး နှင့် ပွတ်သပ်ကာ လူမောစိတ်မောဖြင့် နှစ်ယောက်ထိုင် ကုလားထိုင်တွင် ခွေခွေကလေး လှဲချလိုက် မိသည် ။

* * *

Feel- 3 စားသောက်ဆိုင်၏ အခန်းငယ်တစ်ခုတွင် ကိုကိုနှင့် ညိုတို့ ပျော်ရွှင်စွာ ညစာ စားဖြစ်ကြ၏။ ညိုက အေးမွန်ကို အပါခေါ်သော်လည်း အေးမွန်က ခေါင်းကိုက်၍ ဟု ဆိုကာ မလိုက်ဘဲ ငြ င်းကျန်ခဲ့သည် ။ ညို အိမ်ပြန်ရောက်တော့ ခေါင်းလျှော်ပြီးစ ဆံပင်တွေန

င့် ခွေနေရာမှ ထ လာပြီး တံခါးဖွင့်ပေးသော အေးမွန်၏ ပုံစံကို မြင်သည် နှင့် ညို ဆူလိုက်ရသေး၏။

"အေးမွန်ရယ်၊ ဒီလောက်ဆံပင်ရှည်ကြီးကို ညနေဘက်လျှော်တော့ ဘယ်ခြောက်ပါ့မလဲ၊ နင် ခေါင်းကိုက်တာ နည်းသေးတယ်"

ဆိုတော့ အေးမွန်က ယဲ့ယဲ့ပြုံးသည် ။ နောက်တော့ ကိုကိုဖုန်းဆက်တာနှင့် ဝမ်းသာပြီး အပျော်လွန်ကာ ကိုကိုက ညစာအတူစားဖို့ ပြောတော့ "အေးမွန်ပါ ခေါ်ခဲ့မယ်နော်"ဟု ခွင့်တောင်း ရသေး၏။ ကိုကိုက " ခေါ်ခဲ့ပါ ညို" ဆိုပေမယ့် အေးမွန်က နေမကောင်း၍ မလိုက်ဖြစ်သည် မို့ "ငါစောစော ပြန်လာခဲ့မယ်နော်၊ နင် ပါရာစီတမော တစ်လုံးလောက် သောက်ထားလိုက်"ဟု ပြောကာ ကိုကိုနှင့် ချိန်းသည့် နေရာသို့ ထွက်ခဲ့သည် ။

"ဘာတွေ စဉ်းစားနေလဲ ညို၊ ကိုကိုနဲ့ တွေ့ရတာ မပျော်ဘူးလား"

"ပျော်တာပေါ့ ကိုကိုရဲ့ ၊ မမျှော်လင့်ပဲ တွေ့လိုက်ရတာ ပိုတောင်ပျော်သေးတယ်၊ ကိုကိုက သိပ်ဆိုးတာပဲကွာ၊ နည်းနည်းပါးပါးတောင် အကြောင်းမကြားဘူး"

"ကိုကို ပြောပြီးပြီလေ ညိုရယ်၊ ဘယ်လိုကြောင့် ဆိုတာ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ တကယ်လို့ သာ ကိုကိုလာမယ်လို့ ကြိုသိရင် ချို့ကိုတောင် မနက်ဖြန်မှ ပြန်ခိုင်းလို့ ရတယ်၊ ချိုကလဲ ကိုကို့ကို တွေ့ချင်မှာ "

"ကိုကိုကလဲ တွေ့ချင်ပါတယ်၊ ညို့ဖေဖေ၊ မေမေတို့ ရောနေကောင်းလား၊ ကိုနိုင်တို့ ကိုတိုး တို့ ရော၊ ကိုကိုဖြင့် ညိုတို့ မောင်နှမတွေကို သိပ် အားကျတာပဲ"

"မေမေက သိပ်နေမကောင်းဘူး၊ ဟိုတစ်ခါ လေထိပြီးကတည်းက ပေါ့ ကိုကိုရယ်၊ ဖေဖေ ကတော့ ကောင်းပါတယ်၊ ကိုနိုင်ရော ကိုတိုးရော မိုးမိုးရော ရွာမှာ အားရတယ် မရှိဘူး၊ သူတို့ အလုပ်နဲ့ သူတို့ လေ၊ မိုးမိုး က ကြို့ပင်ကောက်ရုံးကို ရွာကနေ့တိုင်း စက်ဘီးတစ်စီးနဲ့ ရုံးတက်ရတယ်၊ ကိုနိုင် နဲ့ ကိုတိုးက ဒီအချိန်က ပဲပေါ်ချိန်ဆိုတော့ အဖေ့ကို ဝိုင်းကူရတယ်၊ ဒါကြောင့် မေမေ့အနား အဖော်ရဖို့ ကျောင်းပိတ်တာနဲ့ ချို့ကို ပြန်လွှတ်ရတာပေ့ါ၊ တော်သေးတာပေ့ါ ကိုကိုရယ်၊ အေးမွန်က ညိုနဲ့ အတူ လာနေလို့ ၊ အစကဆို သူက အဆောင်မှာ နေတာ"

"မအေးအေးမွန်က ညိုနဲ့ တော်တော်ဆင်တယ်နော်"

"ဟုတ်တယ်ကိုကို၊ လူတွေက သူနဲ့ ညို့ကို ညီအစ်မလို့ ထင်ကြတာ၊ ညိုတို့ ကလဲ မသိတဲ့ လူတွေကို ဘာမှ ရှင်းပြမနေတော့ဘူး၊ အသာလေး ပဲ နေလိုက်တယ်"

"ညို ဘူတာသွားတုန်းက ကိုကို ညို့ဆီလာသေးတယ်၊ မအေးအေးမွန်က ပြောလား"

"ပြောပါတယ်ကိုကို၊ ဘာဖြစ်လို့ လဲ"

"ဘာမှ မဖြစ်ပါဘူး၊ သတိမှ ရရဲ့ လားလို့ "

"မရဘဲနေပ့ါမလား ကိုကိုရဲ့ ၊ ကိုကိုနဲ့ ညို့အကြောင်း သူအကုန်သိနေတာပဲ ဥစ္စာ၊ ကိုကိုကသာ မသိတာ၊ အေးမွန်က ကိုကို့အကြောင်း အကုန်သိတယ်"

"ဟောဗျာ၊ ဘာတွေသိတာတုန်း၊ ဘယ်လိုလုပ် သိရတာတုန်း"

"ညို ပြောလို့ ပေ့ါကိုကိုရဲ့ ၊ ညိုက ကိုကို့ကိုလွမ်းတိုင်း သူ့ကို ရင်ဖွင့်နေကျလေ၊ အေးမွန်ဆိုတာ ညို့အချစ်ဆုံးသူငယ်ချင်းပဲ၊ ကိုကိုလဲ သိတ

ယ်ဟုတ်”

“သိပါတယ်ဗျာ၊ ကိုကို့ထက်များ ပိုချစ်နေသလားပဲ”

“အာ ... ကိုကို့လောက်တော့ ဘယ်ချစ်ပ့ါမလဲလို့ ”

“ညို”

“ဟင်”

“ကိုကိုတို့ လက်ထပ်ကြစို့ကွာ”

“အင်းလေ၊ ဘယ်တော့လဲ၊ နက်ဖြန်လား၊ နက်ဖြန် ဆိုရင်တော့ ခု ည တွင်းချင်းပဲ လေယာဉ်ပျံနဲ့ ရွာကိုပြန်ပြီး အဖေတို့ အမေတို့ ကို သွားပြော လိုက်ရမလား”

“ညိုနော် မနောက်နဲ့ ၊ ကိုကိုက အတည်ပြောတာ၊ ကိုကို နောက်ခြောက်လလောက်ဆို ရန်ကုန် ပြန်ရောက်ပြီ၊ ညို့ဘက်က အဆင်သင့်ပြင်ထား၊ ကိုကို့မှာ တစ်နေ့တစ်နေ့ ညို့ကို လွမ်းရတာနဲ့ သေတော့မယ်”

“ညိုလဲ လွမ်းတတ်ပါတယ် ကိုကိုရ၊ ပြီးခဲ့တဲ့ လပြည့်ညကတောင်မှ ပဲ ပြတင်းပေါက်ကနေ လမင်းကြီးကို ကြည့်ပြီး ကိုကို့ကို နှုတ်ဆက်လိုက်သေးတယ်၊ ကိုကို မြင်လား”

“မြင်တယ်”

နှစ်ယောက်စလုံး ပြိုင်တူ ရယ်လိုက်ကြ၏။

“ဒါနဲ့ မအေးအေးမွန်က ဘာလို့ လိုက်မလာတာလဲ”

“သူ နေမကောင်းဘူး ကိုကိုရ”

“ဟုတ်လား ဘာဖြစ်လို့ လဲ”

"ညနေဘက်ကြီး ခေါင်းလျှော်ပြီး ညိုပြန်လာတော့ နှစ်ယောက်ထိုင် ကုလားထိုင်မှာ ခွေအိပ်နေတယ်၊ မျက်နှာလဲ မကောင်းဘူး၊ ခေါင်းတွေ ကိုက်နေတယ်တဲ့ ၊ ဆေးသောက်ဖို့ ညိုပြောခဲ့တယ် ကိုကိုရေ ... ညိုပြန် သွားရင် သူ့ဖို့ စားစရာလေးတစ်ခု ဝယ်သွားဦးမှ နဲ့ တူတယ်နော်"

"ကိုကို ဝယ်ပေးလိုက်မယ်၊ မအေးအေးမွန် တစ်ယောက်တည်း အိမ် မှာ နေမကောင်းရင်လဲ စောစောပြန်လေ ညို၊ မိုးသိပ်ချုပ်နေရင် ညို့အ တွက်လဲ မကောင်းဘူး၊ မနက်ဖြန်တော့ ညိုအားရင် ကိုကို တွေ့ချင်သေး တယ်၊ သဘက်ခါ အစောကြီး ကိုကိုပြန်ရမှာ ၊ အချိန်ရသလောက် ကိုယ့် ချစ်သူနဲ့ အတူနေချင်တယ် ညို၊ ညိုမနက်ဖြန် ဘာကိစ္စရှိသေးလဲ၊ အရေး မကြီးရင် ဖျက်လိုက်ကွာ"

"နက်ဖြန်ဆို ညိုတို့ မရမ်းချောင်း အနာကြီးစခန်းသွားစရာရှိတယ်၊ အလှူရှင်တွေကို လိုက်ပို့မလို့ ပါ၊ ညို မလိုက်သွားလို့ ရပါတယ်၊ အေးမွ န်လဲသွားမှာ ပဲ၊ ညို တစ်ခါတလေ ပျက်ခွင့် ရှိပါတယ်"

"တော်ပါသေးရဲ့ ဗျာ"

ညိုပြန်လာတော့ အေးမွန်ဖို့ ကြေးအိုးတစ်ခွက် ပါလာခဲ့သည် ။ အေး မွန် ဆေးသောက်ပြီး အိပ်ပျော်နေလိမ့်မည် ထင်သော်လည်း အေးမွန်က ညိုထင်သလို  အိပ်ယာထဲမှာ လှဲမနေပါ၊ အိမ်ရှေ့ တံခါးဘက်သို့ ညို့ကို မျှော်ကြည့်နေ၏။ ဆံပင်ကိုတော့ ဖားလျားချထားမြဲဖြစ်သည် ။ ညိုနှင့် အေးမွန်က အလုံးအရပ်တင် တူသည် မဟုတ်၊ ဆံပင်ရှည်လျားပုံချင်းလ ည်း တူ၏။ သူတို့ အဖွဲ့သားများက သူတို့ အား တစ်ခါတစ်ရံ ဆံကျစ်နှစ် ချောင်းဟု ခေါ်တတ်သည် ။ ကျစ်ဆံမြီးရှည်ကြီးများ ကိုယ်စီ ကျစ်ထား လေ့ရှိကြခြင်းကြောင့် ဖြစ်သည် ။

"အေးမွန် နင်ကြိုက်တဲ့ ကြေးအိုး ပါလာတယ်၊ ပူပူလေးသောက်လို

က်”

“မသောက်ချင်ပါဘူးဟာ၊ ငါသိပ်မဆာဘူး”

“မရဘူး၊ မဆာ… ဆာ…ဆာ သောက်ရမယ် လာခဲ့”

ညိုက ပြောပြောဆိုဆို နောက်ဖေးက ပန်းကန်တစ်လုံးနှင့် ကြေးအိုးပြုတ်ကို သွားထည့်ကာ အောက်ခံပန်းကန်ပြားတစ်ချပ်နှင့် တင်ကိုင်လာရင်း သူထိုင်နေသည့် စားပွဲပေါ်မှာ ချပေးသည် ။

“သောက်လိုက်ပါ အေးမွန်ရယ်၊ နင်နေမကောင်းဘူးဆိုလို့ ငါ့ကိုကိုက နင့်အတွက် ဝယ်ပေးလိုက်တာ”

ဘာ့ကြောင့် မှန်းမသိ ၊ ကြေးအိုးပန်းကန်ကို စိုက်ကြည့်နေရင်းမှ အေးမွန် မျက်ရည်တွေ ဝဲလာသည် ။

* * *

နံနက်စောစော အေးမွန်တို့ လူစုတွေ စမ်းချောင်းရှိ အင်ပါယာဆိုင်တွင် စုကြသည် ။ အင်ပါယာ စားသောက်ဆိုင်မှ ဒေါ်ယဉ်ယဉ်အေးကား မရမ်းချောင်း အနာကြီးစခန်း၏ ဘဏ္ဍာရေးမှူး ဖြစ်သည် ။ အထက်မြန်မာပြည် အနာကြီးစခန်းက “နံ့သာမြိုင်” ဖြစ်ပြီး အောက်မြန်မာပြည် အနာကြီးစခန်းက “မရမ်းချောင်း” ဖြစ်သည် ။ ထို မရမ်းချောင်း ရွာကလေးတွင် ကျန်းမာရေးဌာနမှ အနာကြီးရောဂါ ကင်းဝေးရေးအတွက် M. T.D ဆေးပေါင်း တိုက်ကျွေးခြင်းကိစ္စကို ဖိဖိစီးစီး ဆောင်ရွက်သလို လူမှုဝန်ထမ်းဌာနမှ လည်း ရောဂါသည် များကို စားဝတ်နေရေးအတွက် အဆောင်များ ဆောက်လုပ်၍ နေရာချထားပေးကာ အေးမွန်တို့လို ဖော်လံတီယာများ နှင့် အလှူရှင်များ ပူးပေါင်းကာ ထိုရွာကလေးအတွက် စားဖွယ်သောက်ဖွယ်အချို့နှင့် ရောဂါသည် များ ၏ သားသမီးများ

ပညာသင်ကြားရေးကို ထောက်ပံ့ကူညီခဲ့သည် မှာ စခန်းစဖွင့်စမှ ပင်ဖြစ်သော်လည်း စခန်းကဖွင့်တာ နှစ်ကာလ မကြာသေးသဖြင့် အစစ ပြည်စုံဖူလုံခြင်း မရှိသေးပေ။ ဖွံ့ဖြိုးဖို့ အရှိန်ယူစ ရွာကလေးတွင် ညိုတို့ အေးမွန်တို့ ပါဝင်သော ထောက်ပံ့ရေးအဖွဲ့က ရွာကလေးမှ မိုင်အတော်အတန်ဝေးသော မင်းကုန်းမြို့တွင် အလှူရှင်တို့ ၏ ပံ့ပိုးမှုနှင့် အိမ်ကလေးတစ်လုံးငှားကာ အထက်တန်း ကျောင်းသားများအား ကျောင်းပညာရေး ပံ့ပိုးမှုတွင် အာရုံစိုက်၍ ဆောင်ရွက်နေကြရ၏။

ထိုနေ့က မရမ်းချောင်း ရောက်သွားသောအခါ တွင် တော့ အေးမွန်ရင်ထဲတွင် ထိရှကြေကွဲ စရာတစ်ခုနှင့် ကြုံလာရသည် ။ ရွာအဝင်ကတည်းက ရွာထဲတွင် သေသပ်ကျနသော လုံးချင်းအိမ် ဆင်တူကလေးတွေနှင့် နှစ်ခန်းတွဲအိမ်ကလေးတွေ အတန်းလိုက်တွေ့ရပြီး၊ အချို့ကတော့ တဲကလေးတွေ ကျိုးတိုးကျဲတဲနှင့် ။ အမျိုးသမီးဆောင်၊ အမျိုးသားဆောင်များ ထမင်းကျွေးချိန်တွင် တော့ ဂေဟာမှူးနှင့် စကားစပ်မိ၍ မေးကြည့်မိသည် ။

“ဆရာရေ၊ တချို့အိမ်ကလေးတွေက အတော်သပ်ရပ်တယ်နော်၊ အရင်တုန်းက ကျွန်မ မတွေ့မိဘူးလားလို့ ”

“ဟုတ်တယ်ခင်ဗျ၊ အဲဒါ အသင်းတော်တွေက လာပြီး ရွာအတွက်ဆောက်လှူထားကြတာ တွေပါ၊ အသင်းတော်တစ်ခုက လုံးချင်းအိမ်ကလေးတွေနဲ့ တစ်အိမ်မှာ မိသားစုတစ်စု၊ နောက် အသင်းတော် တစ်ခုက နှစ်ခန်းတွဲအိမ်ကလေးတွေနဲ့ တစ်ခန်းမှာ မိသားစုတစ်စုစီ လှူထားတာပါ၊ အိမ်ရော စားဝတ်နေရေးအတွက်ပါ အားလုံး တာဝန်ယူထားပါတယ် ”

“ကျေးဇူးတင်စရာ ကောင်းလိုက်တာ”

"ဟုတ်ပါတယ် ခင်ဗျ"

အေးမွန်ပင် ထိုသို့ လှူချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်သွားရသည် ။ တကယ် လိုအပ်သူတွေကို လှူဒါန်းခြင်းသည် အလွန်မွန်မြတ်သော ဒါနပင် မဟုတ်ပါလော။

"ရွာမှာ လူဦးရေ ဘယ်လောက်ရှိသလဲ ဆရာ"

"လူဦးရေကတော့ ထောင်ကျော်ပါတယ်၊ အိမ်ထောင်စု ဆိုရင်တော့ လေးရာနဲ့ ခြောက်ရာ ကြားပေါ့"

"အဆောင်မှာ ကရော"

"အဆောင်မှာ တော့ လောလောဆယ် ရှစ်ဆယ်ပေါ့၊ နှစ်ဆောင်ပဲ ဆောက်ရသေးတာကိုး၊ နောက်ထပ် အဆောင်တွေလဲ ထပ်ဆောက်ပြီးရင်တော့ သည့် ထက် လူဦးရေ ပိုများ လာမှာ ပေါ့"

နောက်တစ်ခါလာလျှင်တော့ ရွာထဲက ရိက္ခာမရသေးသူတွေအတွက် ငွေစုပြီး မီးဖိုချောင် ပစ္စည်းကလေးတွေ ဝယ်ခြမ်းဝေငှလျှင် ကောင်းမည်ဟု အေးမွန်စိတ်ကူးလိုက်၏။ အိမ်ပြန်ရောက်လျှင် ညီနှင့် တိုင်ပင်ပြီး အကောင်အထည်ဖော်ရလိမ့်ဦးမည်။ အေးမွန်တို့ အဖွဲ့ခေါင်းဆောင် ဆရာတွေနှင့် အလှူရှင်များက အဆောင်အတွင်း၌ စကားပြောနေကြစဉ် အေးမွန်တို့ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ရွာထဲ၌ လမ်းလျှောက်ရင်း ပတ်ဝန်းကျင် အခြေအနေကို လေ့လာကြ၏။ ထိုအချိန်တွင် အေးမွန်အနီး ရောက်လာသော မရမ်းချောင်း တာဝန်ခံ ကိုလှငွေးက ခပ်လှမ်းလှမ်းသို့ ညွှန်ပြ၍ ...

"ဆရာမ ဟောဟိုက အဘကို စကားသွားပြောကြည့်ပါလား၊ ဆရာမ စိတ်ဝင်စားသွားလိမ့်မယ်"

သူ ညွှန်ပြရာသို့ ကျွန်မလှမ်းကြည့်လိုက်သည် ။ ရိုးတံကျဲကျဲနှင့် သစ်ပင်နိမ့်နိမ့်တစ်ပင်အောက်တွင် ထိုင်နေသော အဘိုးအို တစ်ဦး။ ရိုးတံများ ကျဲနေသောကြောင့် နေပူဒဏ်ကို သစ်ကိုင်းနှင့် သစ်ရွက်အချို့ကြားတွင် ဖက်ရွက်ခြောက်ကြီးများ သတင်းစာစက္ကူများ ၊ မြွေရေခွံအိတ်စုတ်များကို ကြားညှပ်ကာ မိုးထား၏။ သစ်ပင်ခြေရင်းမှ သူထိုင်နေသော နေရာအနီးတွင် တော့ ဒန်အိုးအပိန် အလိန်ကလေးတစ်လုံး၊ ပန်းကန်အပဲ့နှစ်ခုသုံးခုနှင့် ဖိုခနောက်ဆိုင် အုတ်နီခဲအကျိုးများ ။ သူ့ခန္ဓာကိုယ်တွင် ခြေလက်အင်္ဂါမစုံတော့သော ခြေချောင်းလေးများကင်းတိ၊ လက်ချောင်းများ လည်း ကြွေ၍ နှာခေါင်းရိုးလည်း ချိုင့်ဝင်နေချေပြီ။ အေးမွန် သူ့အနီးတွင် ငုတ်တုတ်ထိုင်ချလိုက်ပြီး ...

"အဘ နေကောင်းလား၊ ဆေးစားတာ ကြာပြီလား"

"ဟုတ်ကဲ့ ကောင်းပါတယ်၊ ဆေးစားတာလဲ ငါးလလောက် ရှိသွားပါပြီ"

"အဘက တစ်ယောက်တည်းသမားလား၊ မိသားစု မရှိဘူးလား"

"ရှိပါတယ်"

"ဩော် ... မိသားစုနဲ့ လား၊ အားလုံး ဘယ်နှစ်ယောက်လဲ၊ သူတို့ကော"

"မိသားစုအားလုံး စုစုပေါင်း ငါးယောက်ပါ၊ ဇနီးနဲ့ သမီး သုံးယောက် "

"အခု သူတို့ ရော"

အဘိုးအို၏ မျက်နှာသည် တစ်နေရာသို့ ငေးမျှော်၍ မျက်လုံးမှိန်မှိန်များက ဆွေးမြေ့ရိပ်သန်း သွားသည် ။

"သူတို့ လား"ဟု ပြောပြီး အတန်ကြာမှ နှုတ်ခမ်းလှုပ်ရုံကလေး "ရေငုပ်သွားပြီ"ဟု ဆို၏။ ရုတ်တရက် အေးမွန် တွေဝေသွားပြီးခါမှ "သြော်" ဟု သဘောပေါက်သွားသည် ။

"အဲဒီလိုဆို သူတို့ က"

"ဟိုးနားက လုံးချင်းအိမ်ကလေးထဲမှာ နေကြတယ်၊ အစားအသောက်အတွက်လဲ မပူရတော့ဘူး"

"သြော် အသင်းတော်ရဲ့ အရိပ်အောက်ကို ရောက်သွားကြတာပေါ့နော်၊ သူတို့ ဘဝလေးက အေးချမ်းနေပြီပေါ့၊ အဘက ဘာလို့ နေပူပူကြီးအောက်မှာ တစ်ယောက်တည်း ကျန်ခဲ့ရတာလဲ အဘရယ်၊ သူတို့ က အဘကို မခေါ်ကြဘူးလား"

အထီးကျန်အဘကို အေးမွန် တစ်ကယ်ပဲ ကရုဏာက်စွာ မေးလိုက်ခြင်းဖြစ်ပါသည် ။

"ခေါ်တာပေါ့ကွယ်၊ အဘဇနီးနဲ့ သမီးတွေက အဘကို သိပ်ချစ်ကြပါတယ်၊ အဘတို့ လင်မယားက အသက် နှစ်ဆယ်လောက်ကတည်းက ပေါင်းသင်းလာကြတဲ့ ငယ်လင်ငယ်မယား ငယ်ချစ်ဦးတွေပဲ၊ မချစ်ဘဲ ဘယ်ရှိပ့ါမလဲ၊ သမီးတွေရော ဇနီးရော အဘကို တစ်လတိတိ လူလဲနဲ့ လာခေါ်ကြပါတယ်၊ မျက်ရည်လည်ရွှဲနဲ့ ပါ၊ အဘ ဒီလိုနေတာ မကြည့်ရက်လို့ တဲ့ ၊ ဒါပေမယ့် အဘ လိုက်မသွားပါဘူး၊ သူတို့ တွေ ဒီလို အေးချမ်းနေထိုင်စား သောက်ရတာကိုတော့ အဘ ဝမ်းသာပါတယ်"

သူပြောတာကို အေးမွန် နားမလည်ပါ။

"အဘ သူတို့ နဲ့ အတူနေရင် အဘလဲ သူတို့လိုပဲ အေးအေးချမ်းချမ်းနဲ့ မိသားစုဥမကွဲ သိုက်မပျက် နေရမှာ ပေါ့ အဘရာ၊ ဘာဖြစ်လို့ လိုက်မ

သွားတာလဲ၊ အဘကို ကျွန်မတော့ နားမလည် နိုင်အောင်ပဲ”

“ဒီမှာ ဆရာမလေး”

အဘိုးအိုရဲ့ အသံက အနည်းငယ် ပြတ်တောက်တောက် ဖြစ်သွား လေသလားဟု အေးမွန် ထင်လိုက်ရသည် ။

“ရှင်”

“အဘက နူလဲ နူနေပြီ”

အဲဒီ နူတယ်ဆိုတဲ့ စကားက အေးမွန်နားမှာ အတန်ငယ် ရိုင်းသွား သော်လည်း ဘာမှ ခွန်းတုံ့မပြန်ဖြစ်။

“အိုလဲ အိုနေပြီ”

အဘိုးက ဆက်ပြောသည် ။

“နူပြီးရင် အိုပြီးရင် နာဖို့ နဲ့ သေဖို့ ပဲ ကျန်တော့တယ်၊ သေခါနီးမှ တော့ ဗုဒ္ဓဝါဒအပျောက်မခံ နိုင်တော့ဘူးကွယ့်”

အေးမွန် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွားသည် ။

အို … လှလိုက်တဲ့ အဘရယ်။

* * *